# Case Management of Malaria

# ငှက်ဖျားရောဂါဖော်ထုတ်ခြင်း

**ရောဂါပျိုးချိန် (Incubation period)**

လူ၏ ခန္ဓာကိုယ်ထဲသို့ ငှက်ဖျားပိုး စတင် ဝင်ရောက်ချိန် မှစ၍ ရောဂါလက္ခဏာပေါ် ပေါက်သည်အထိ ကြာသောအချိန်

ပျမ်းမျှရောဂါပျိုးချိန်

- ပလတ်စ်မိုဒီယမ် ဖယ်လ်ဆီပါရမ် (၁၁) ရက်
- ပလတ်စ်မိုဒီယမ် ဗိုင်းဗက်စ် (၁၄) ရက်
- ပလတ်စ်မိုဒီယမ် မလေးရီးယေး (၃၀) ရက်

# လူ၏ ခန္ဓာကိုယ်အတွင်း ငှက်ဖျားရောဂါပိုးသက်တမ်း

ငှက်ဖျားလူနာများသည် ငှက်ဖျားရောဂါကို မကုသဘဲနေလျှင်/ အမြစ်ပြတ်အောင် မကုသလျှင်/ ဆေးပတ်ပြည့်အောင် မစားသုံးလျှင်

- ပလတ်စ်မိုဒီယမ် ဖယ်လ်ဆီပါရမ် - တစ်နှစ်မှ တစ်နှစ်ခွဲအတွင်း
- ပလတ်စ်မိုဒီယမ် ဗိုင်းဗက်စ် - ၃ နှစ်မှ ၄ နှစ်အတွင်း
- ပလတ်စ်မိုဒီယမ် မလေးရီးယေး - ၁၀ နှစ်မှ နှစ်ပေါင်း (၅၀) အထိ

ထပ်မံဖြစ်ပွားနိုင်သည်။

# ငှက်ဖျားရောဂါ ပုံမှန်လက္ခဏာများ

- ဖယ်လ်ဆီပါရမ်ပိုးသည် ရောဂါ ပိုမိုပြင်းထန်စေသည်။
- ချမ်းတုန်ဖျားခြင်း (နေ့စဉ်ရက်ဆက်ဖျားနိုင်သလို တစ်ရက်ခြားလည်း ဖျားနိုင်သည်။)
- ကိုယ်ပူခြင်း
- ချွေးထွက်ခြင်း
- ခေါင်းကိုက်ခြင်း
- မူးဝေခြင်း
- အစားအသောက်ပျက်ပြီး အန်ခြင်း
- သွေးအားနည်းပြီး ဖြူရော်ခြင်း
- ဘေလုံးကြီးခြင်း

# ပြင်းထန်ငှက်ဖျားရောဂါလက္ခဏာများ

- တစ်ပါးသူအကူအညီမပါဘဲ မတ်တပ်မရပ်နိုင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ မထိုင်နိုင်ခြင်း
- ပါးစပ်မှ ဆေးမသောက်နိုင်အောင် အော့အန်ခြင်း
- အလွန်အမင်းအဖျားတက်ခြင်း
- ကယောင်ကတမ်းဖြစ်ခြင်း
- ငိုက်မျဉ်းခြင်း
- စိတ်ရှုပ်ထွေးခြင်း/စိတ်တိုလွယ်ခြင်း
- ရန်လိုခြင်း
- ပတ်ဝန်းကျင်ကို စိတ်မဝင်စားတော့ခြင်း
- အပြုအမူ၊ အမူအရာပြောင်းလဲခြင်း
- တက်ခြင်း၊ မေ့မျောခြင်း
- အလွန်အမင်းသွေးအားနည်းခြင်း
- မျက်စေ့ဝါခြင်း၊ အသားဝါခြင်း
- ခြေဖျားလက်ဖျား အေးစက်ပြီး သွေးလန့်သော လက္ခဏာများရှိခြင်း
- သွေးယိုစီးမှုများရှိခြင်း
- ဆီးမည်းမည်းသွားခြင်း

# ငှက်ဖျားနှင့် ခွဲခြားရမည့် အခြားအဖျားရောဂါများ

- တုပ်ကွေး (Infuenza)
- အူယောင်ငန်းဖျား (Typhoid Fever)
- အသည်းယောင်အသားဝါ ( Hepatitis)
- ဦးနှောက်အမြှေးယောင်ရောဂါ ( Meningococcal meningitis)
- ဆင်ခြေထောက်ရောဂါ (Filariasis)
- ဆီးလမ်းကြောင်းပိုးဝင်ခြင်း (Urinary tract infection)
- မီးတွင်းဖျား

# ငှက်ဖျားနှင့် ခွဲခြားရမည့် အခြားအဖျားရောဂါများ

- တုပ်ကွေး (Infuenza)
- အူယောင်ငန်းဖျား (Typhoid Fever)
- အသည်းယောင်အသားဝါ ( Hepatitis)
- ဦးနှောက်အမြှေးယောင်ရောဂါ ( Meningococcal meningitis)
- ဆင်ခြေထောက်ရောဂါ (Filariasis)
- ဆီးလမ်းကြောင်းပိုးဝင်ခြင်း (Urinary tract infection)
- မီးတွင်းဖျား

# ငှက်ဖျားပိုး အမြန်သွေးစစ်ကိရိယာဖြင့် သွေးဖောက်စစ်ဆေးခြင်း



# အမြန်သွေးစစ်ကိရိယာ အဖြေဖတ်ခြင်း

"C" အမှတ်အသားပြုထားသော Control လိုင်း နှင့် P.f (သို့မဟုတ်) P.v အမှတ်အသားတို့တွင် မျဉ်းပေါ်လျှင် လူနာတွင် ငှက်ဖျားပိုးရှိသည်။




"C" Control လိုင်း နှင့် " P.f " လိုင်းပေါ်ပါသည်။
ဖယ်လ်ဆီပါရမ် ငှက်ဖျားပိုးရှိသည်။




"C" Control လိုင်းနှင့်" P.v "လိုင်းပေါ်ပါသည်။
ဗိုင်းဗက်စ် ငှက်ဖျားပိုးရှိသည်။




"C" Control လိုင်း၊ " P.v " လိုင်း နှင့်
" P.f " လိုင်း ပေါ်ပါသည်။
ငှက်ဖျားပိုးအရောရှိသည်။




"C" Control လိုင်း ပေါ်ပါသည်။
ငှက်ဖျားပိုး မရှိပါ။

# မှားယွင်းသော စမ်းသပ်မှုများ




မှားယွင်းသော စမ်းသပ်မှု။

မည်သည့် လိုင်း မှ မပေါ်ပါ။




"P.f " လိုင်း ပေါ်သော်လည်း

Control လိုင်း မပေါ်ပါ။

သွေးနမူနာ ထပ်မံစစ်ဆေးရပါမည်။




"P.v " လိုင်း ပေါ်သော်လည်း

Control လိုင်း မပေါ်ပါ။

သွေးနမူနာ ထပ်မံစစ်ဆေးရပါမည်။




" P.v " လိုင်း နှင့်" P.f " လိုင်း ပေါ်ပါသည်။

Control လိုင်း မပေါ်ပါ။

သွေးနမူနာ ထပ်မံစစ်ဆေးရပါမည်။

# ငှက်ဖျားရောဂါကူသခြင်း

<u>အခွေခွေကူသခြင်း</u>

(က) ရေဓာတ်ခမ်းခြောက်ခြင်း ( Dehydration)

(ခ) သွေးအားနည်းခြင်း (Anemia)

(ဂ) သွေးထဲသကြားဓာတ်နည်းခြင်း (Hypoglycemia)

(ဃ) ကိုယ်အပူချိန်များခြင်း(Hyperthermia)

# သာမန်ငှက်ဖျားကုသခြင်း

ငှက်ဖျားပိုးတွေ့ (သို့) RDT (+) ve အဖြေရသူ၌ ပြင်းထန်လက္ခဏာမရှိပါက **"သာမန်ငှက်ဖျားရောဂါ"** ဟု သတ်မှတ်ပါသည်။

## (၁) ဖယ်လ်ဆီပရမ်(P.f) ပိုးတွေ့ များအတွက် ကိုအာတမ်/ လူမာတမ်/ အာတီဖန် ဆေးအညွှန်း။

| အသက်အုပ်စု | (Coartem/Lumartem /Artefan) ဆေးပြား *(Artemether 20 mg / Lumefantrine 120mg)* | | | | | | ပရိုင်မာကွင်းဆေးပြား (၇.၅ မီလီဂရမ်) |
|---|---|---|---|---|---|---|---|
| | ပထမနေ့ | | ဒုတိယနေ့ | | တတိယနေ့ | | Coartem ပထမနေ့ ပထမအကြိမ်နှင့်အတူ တွဲတိုက်ပါ။ (တစ်ကြိမ်သာ တိုက်ပါ) |
| | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | |
| ၁နှစ်အောက် | ◖ | ◖ | ◖ | ◖ | ◖ | ◖ | <u>မတိုက်ပါ</u> |
| (၁ - ၄)နှစ် | ● | ● | ● | ● | ● | ● | ● |
| (၅ - ၉)နှစ် | ●● | ●● | ●● | ●● | ●● | ●● | ●● |
| (၁၀- ၁၄)နှစ် | ●●● | ●●● | ●●● | ●●● | ●●● | ●●● | ●●●● |
| ၁၅နှစ်နှင့် အထက် | ●●●● | ●●●● | ●●●● | ●●●● | ●●●● | ●●●● | ●●●●●● |

မှတ်ချက် - ၁ ။ ပရိုင်မာကွင်းကို ကိုယ်ဝန်ဆောင်နှင့်(၁)နှစ်အောက်ကလေးငယ်များတွင်မတိုက်ရပါ။အန္တရာယ်ရှိနိုင်သည်။

၂ ။ ပရိုင်မာကွင်းဆေးတစ်ပြားတွင် (၇.၅)/(၁၅)မီလီမီဂရမ် ဖြင့်လာတတ်၍ မိမိသုံးမည့်ဆေးအား ဂရုပြုသုံးပါ။

## (၂) ဖယ်လ်ဆီပရမ် မဟုတ်သောအခြားငှက်ဖျားပိုး*(P.v/Non P.f)* တွေ့သူများအတွက် ဆေးအညွှန်း။

(Dosage of primaquine = 0.25 mg base/Kg/day for 14 days)

| အသက် အုပ်စု | ကလိုရိုကွင်းဆေးပြား | | | ပရိုင်မာကွင်းဆေးပြား (၇.၅)မီလီဂရမ် |
|---|---|---|---|---|
| | ပထမနေ့ | ဒုတိယနေ့ | တတိယနေ့ | စတုတ္ထနေ့မှစ၍ တစ်ရက် တစ်ကြိမ် (၁၄)ရက်အထိ တိုက်ပါ။ |
| ၁နှစ်အောက် |  သုံးပုံတစ်ပုံ |  သုံးပုံတစ်ပုံ |  သုံးပုံတစ်ပုံ | <u>မတိုက်ပါ</u> |
| (၁ - ၄)နှစ် |  |  |  |  |
| (၅ - ၉)နှစ် |  |  |  |  |
| (၁၀- ၁၄)နှစ် |  |  |  |  |
| ၁၅နှစ်နှင့် အထက် |  |  |  |  |

မှတ်ချက် - ၁ ။ ပရိုင်မာကွင်းကို ကိုယ်ဝန်ဆောင်နှင့်(၁)နှစ်အောက်ကလေးငယ်များတွင်မတိုက်ရပါ။အန္တရာယ်ရှိနိုင်သည်။

၂ ။ ပရိုင်မာကွင်းဆေးတစ်ပြားတွင် (၇.၅)/(၁၅)မီလီမီဂရမ် ဖြင့်လာတတ်၍ မိမိသုံးမည့်ဆေးအား ဂရုပြုသုံးပါ။

## (၃) ငှက်ဖျားပိုးအရော (Mixed infection) တွေ့သူများအတွက် ဆေးအညွှန်း။

(Dosage of primaquine = 0.25 mg base/Kg/day for 14 days)

| အသက်အုပ်စု | (Coartem/Lumartem /Artefan) ဆေးပြား *(Artemether 20 mg / Lumefantrine 120mg)* | | | | | | ပရိုင်မာကွင်းဆေးပြား (၇.၅ မီလီဂရမ်) |
|---|---|---|---|---|---|---|---|
| | ပထမနေ့ | | ဒုတိယနေ့ | | တတိယနေ့ | | Coartem ပထမနေ့ ပထမအကြိမ် နှင့်အတူ တွဲတိုက်ပြီး (၁၄)ရက်အထိဆက်တိုက်ပါ။ |
| | ပထမ အကြိမ် | ဒုတိယ အကြိမ် | တတိယ အကြိမ် | စတုတ္ထ အကြိမ် | ပဉ္စမ အကြိမ် | ဆဋ္ဌမ အကြိမ် | |
| ၁နှစ်အောက် | ◐ | ◐ | ◐ | ◐ | ◐ | ◐ | **မတိုက်ပါ** |
| (၁ - ၄)နှစ် | ● | ● | ● | ● | ● | ● | ◐ |
| (၅ - ၉)နှစ် | ●● | ●● | ●● | ●● | ●● | ●● | ● |
| (၁၀- ၁၄)နှစ် | ●●● | ●●● | ●●● | ●●● | ●●● | ●●● | ●◐ |
| ၁၅နှစ်နှင့် အထက် | ●●●● | ●●●● | ●●●● | ●●●● | ●●●● | ●●●● | ●● |

မှတ်ချက် - ၁ ။ ပရိုင်မာကွင်းကို ကိုယ်ဝန်ဆောင်နှင့်(၁)နှစ်အောက်ကလေးငယ်များတွင်မတိုက်ရပါ။အန္တရာယ်ရှိနိုင်သည်။

၂ ။ ပရိုင်မာကွင်းဆေးတစ်ပြားတွင် (၇.၅)/(၁၅)မီလီမီဂရမ် ဖြင့်လာတတ်၍ မိမိသုံးမည့်ဆေးအား ဂရုပြုသုံးပါ။

Coartem® 20/120
Artemether Lumefantrine

# ကိုအာတမ်ဆေးကို ဘယ်လို တိုက်မလဲ ?

ကလေးငယ်များအား ဆေးတိုက်ပါက ဆေးလုံးကို
အမှုန့်ကြိတ်ပြီး။ရေ(သို့မဟုတ်)နို့ဖြင့် ဖျော်တိုက်ပါ။



မိခင်နို့ရည်တိုက်ကျွေးနေသော ကလေးငယ်အား
မိခင်နို့ရည်ကို ဆက်လက်တိုက်ကျွေးနိုင်ပါသည်။



ကိုအာတမ်ဆေးပြားကို အရည်တစ်မျိုးမျိုးဖြင့်
တိုက်နိုင်ပါသည်။ ဖြစ်နိုင်ပါကနို့ဖြင့်တိုက်နိုင်ပါသည်။
မလွှဲသာ၍ အခြားအရည်မရှိပါက ရေဖြင့်လည်း
တိုက်နိုင်ပါသည်။



ငှက်ဖျားရောဂါဖြစ်ပါက အစားအသောက်
ပျက်တတ်သည်။တတ်နိုင်သမျှအစာကို
ကြိုးစားပြီးကျွေးပါ။ ပြီးမှ ဆေးတိုက်ပါ။
ဆေးအာနိသင် ထိရောက်ပါသည်။



# ငှက်ဖျားဆေး၏ ဆိုးကျိုးများ (side effect)

- Chloroquine

စားဆေးကြောင့် ခေါင်းမူးခြင်း၊ ပျို့အန်ခြင်း၊ စသည့် သာမန်ဆိုးကျိုးများသာ ရနိုင်ပါသည်။

- Primaquine

သွေးနီဥပေါက်ကွဲပြီး ဆီးမည်းမည်း သွားတတ်သည်။ (methaemoglobinuria)

## ဆေးရုံသို့ လွှဲပြောင်းပေးပို့ရမည့် လူနာများ

- ပြင်းထန်ရောဂါလက္ခဏာရှိသူများ၊ လက္ခဏာ ပိုမို ပြင်းထန်သူများ
- ငှက်ဖျားဆေး စတင်တိုက်ကျွေးပြီး (၇၂) နာရီအတွင်း အဖျားမကျသောလူနာများ (သို့) ၎င်းအချိန်အထိ မိမိတိုက်ကျွေးသော ငှက်ဖျားဆေးထိရောက်မှုမရှိဟု ယူဆသောလူနာများ
- မိမိတိုက်ကျွေးသော ငှက်ဖျားဆေးနှင့် အဖျားကျပြီးနောက် အဖျားပြန်တက်သော လူနာများ

**"ဆေးရုံသို့ လွှဲပို့ပုံစံ"**

၁။ အမည် ------------------------------- ၂။ ကျား/မ ---------- ၃။ အသက် -------------

၄။ နေရပ်လိပ်စာ ------------------------------------------------------------------------------

၅။ လွှဲပို့ရသည့်အကြောင်းရင်း ----------------------------------------------------------------

----------------------------------------------------------------

၆။ ၄က်ဖျားဆေးကုသည့်ရာဇဝင်

(က) စားဆေးအမည်၊ အရေအတွက်နှင့် ဆေးကျွေးသည့်အညွှန်း၊ ဆေးစတင်ကျွေးသည့်နေ့စွဲ။

--------------------------------------------------------------------------------------

--------------------------------------------------------------------------------------

(ခ) ထိုးဆေးအမည် ၊ အရေအတွက် နှင့် ဆေးထိုးသည့် အညွှန်း ၊ ဆေးစတင်ထိုးသည့်နေ့စွဲ။

--------------------------------------------------------------------------------------

--------------------------------------------------------------------------------------

မှတ်ချက်။ ။ --------------------------------------------------------------------------

--------------------------------------------------------------------------

လွှဲပို့သည့်အချိန်နှင့်နေ့ရက် လွှဲပို့သူ

-----------------------------

----------------------------- လက်မှတ် ---------------------------

အမည် ---------------------------

ရာထူး ---------------------------

ဌာန ----------------------------

- Thank you